# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
(၁၆)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**

**( ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ**။ ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၀.၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၈-၃-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲ။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနား။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေးနှင့် ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ

(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်တဲ့ မေးခွန်းများဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## မွန်ပြည်နယ်၊ ရေးမြို့အနီးရှိ အဘော်လေယာဉ်ကွင်းအဟောင်း ဧရိယာတွင် ဓာတ်အားခွဲရုံ ဆောက်လုပ်ရန်အတွက် ရော်ဘာခြံရှင်များအား လျော်ကြေးငွေကျပ် (၇၈၉)သိန်းကျော် ပေးချေခဲ့သော်လည်း မြေဧရိယာသတ်မှတ်ချက် ပီပီပြင်ပြင် မရှိသည့်အတွက် နိုင်ငံတော်ဘဏ္ဍာ လေလွင့်ပျောက်ဆုံးမှု ဖြစ်ပေါ်နိုင်သဖြင့် ၎င်းမြေနေရာကို ဧရိယာတိုင်းတာ သတ်မှတ်ခြင်းနှင့် အဘော် လေယာဉ်ကွင်းဟောင်း ဧရိယာအား မည်ကဲ့သို့ ဆက်လက်စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က မွန်ပြည်နယ်၊ ရေးမြို့အနီးရှိ အဘော်လေယာဉ်ကွင်းအဟောင်း ဧရိယာတွင် ဓာတ်အားခွဲရုံ ဆောက်လုပ်ရန်အတွက် ရော်ဘာခြံရှင်များအား လျော်ကြေးငွေကျပ် (၇၈၉)သိန်းကျော် ပေးချေခဲ့သော်လည်း မြေဧရိယာ

သတ်မှတ်ချက် ပီပီပြင်ပြင် မရှိသည့်အတွက် နိုင်ငံတော်ဘဏ္ဍာ လေလွင့်ပျောက်ဆုံးမှု ဖြစ်ပေါ်နိုင်သဖြင့် ၎င်းမြေနေရာကို ဧရိယာတိုင်းတာ သတ်မှတ်ခြင်းနှင့် အဘော်လေယာဉ်ကွင်းဟောင်း ဧရိယာအား မည်ကဲ့သို့ ဆက်လက်စီမံ ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် ရေးမြို့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရေးမြို့အနီးမှာ တည်ရှိတဲ့ ဗြိတိသျှစစ်ကျန် အဘော်လေယာဉ်ကွင်းဟောင်းအကြောင်းပဲ ဖြစ်ပါတယ်။ ဒီ မေးခွန်းကို ကျွန်တော်ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလတုန်းက တင်ခဲ့တာ ဖြစ်တဲ့အတွက် အခုလက်ရှိမြေပြင်အခြေအနေနဲ့ဆိုရင် ပြောင်းလဲမှုတွေ အတော်ဖြစ်ပေါ်နေပြီ ဖြစ်ပါတယ်။ ကျွန်တော်အား Power Point သုံးစွဲခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။

ဒီလေယာဉ်ကွင်းကို အင်္ဂလိပ်ခေတ်က ကွင်းပတ်ပတ်လည်မှာ မှတ်တိုင်တွေစိုက်ပြီး နယ်နိမိတ်သတ်မှတ်ခဲ့ပါတယ်။ ဧရိယာအားဖြင့် (၁၃၃.၉)ဧကရှိပါတယ်။ ၁၉၉၀ ခုနှစ်လောက်အထိ ဒီ လေယာဉ်ကွင်းအနီးမှာ ခြံရယ်လို့ မယ်မယ်ရရမရှိဘဲ ဖုန်းဆိုးတောတွေနဲ့ သားကောင်တွေပေါများတဲ့ အမဲလိုက်နေရာတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးဘဝကဆိုရင် ဘောလုံးကန်၊ ငှက်ပစ်တဲ့ နေရာဖြစ်ပြီး ၂၀၀၀ ခုနှစ်လောက်အထိ မြို့ကလူတွေ ကားမောင်းသင်၊ ဆိုင်ကယ်စီးသင်၊ ဘောလုံးကန်တဲ့ ကွင်းအဖြစ်သုံးလို့ ရခဲ့ပါတယ်။ ဒီပုံကတော့ ၂၀၀၆ ခုနှစ်လောက်က ရိုက်ထားတဲ့ ကောင်းကင်ဓာတ်ပုံ ဖြစ်ပါတယ်။ အဲဒီမှာ ကားနဲ့ဆိုင်ကယ်အမောင်းသင်တဲ့ လမ်းကြောင်းရာတွေ တွေ့နေရပါတယ်။ လေယာဉ်ကွင်းဧရိယာထဲကို ခြံတွေလည်း စတင်ပြီးတော့ စိုက်ဝင်လာပြီ ဖြစ်ပါတယ်။ ပြထားတဲ့ အနီရောင်လမ်းတစ်လျှောက်မှာ အခုထက်ထိ လေယာဉ်ကွင်းနယ်နိမိတ် မှတ်တိုင်တွေ ရှိနေပါသေးတယ်။ ဒါကတော့ ၂၀၁၅ ခုနှစ်လောက်က ရိုက်ထားတဲ့ပုံပါ။ ထိန်းသိမ်းသူမရှိတဲ့အတွက် ခြံသစ်တွေနှင့် ဘေးခြံတွေကျူးကျော်လာမှု၊ ဂဝံမြေ တူးရောင်းမှု၊ အမှိုက်စွန့်ပစ်မှုတွေကြောင့် မူလက တစ်ပြန့်တပြောကြီးရှိခဲ့တဲ့ ကွင်းဟာ ချိုင့်တွေ၊ အမှိုက်တွေနဲ့ ရုပ်ပွကျဉ်းမြောင်းနေပြီ ဖြစ်ပါတယ်။ ဒါကို ပုံနှစ်ပုံယှဉ်ကြည့်ရင် သိသာပါတယ်။ ၂၀၁၅ ခုနှစ်တုန်းက ရိုက်ထားတဲ့ပုံမှာ ညာဘက်က မြေလပ်ဆိုလို့ အလယ်က လေးထောင့်ကွက်ကွက်လပ်လေးပဲ ကျန်ပါတော့တယ်။ ဒီအတိုင်းဆက်လွှတ်ထားရင် ၂၀၂၀ ခုနှစ်ဆိုရင် ဘာမှကျန်တော့မှာ မဟုတ်တော့ပါဘူး။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးခွန်းမှာပါတဲ့အတိုင်း ၂၀၁၃ ခုနှစ်လောက်က ဒီနေရာမှာ ဓာတ်အားခွဲရုံဆောက်ဖို့ဆိုပြီး လာတိုင်းတဲ့အခါ လေယာဉ်ကွင်းမြေအစားရော်ဘာခြံတွေ စတင်စိုက်ပျိုးစ ရော်ဘာပင်တွေနဲ့ ပြည့်နေတာ တွေ့ရပါတယ်။ ဒီလိုနဲ့ ရော်ဘာပင်တွေကို (၁၅၀၀၀)နှုန်း (၁၀၀၀၀)နှုန်း၊ (၃၀၀၀)နှုန်း စသည်ဖြင့် တန်ဖိုး(၃)စားသတ်မှတ်ပြီး အပင်ရှိတဲ့ မြေ (၃၄)

ကေပေါ်က ရော်ဘာပင်တွေအတွက် ငွေကျပ်(၇၈၉)သိန်းကျော် သုံးစွဲပြီး ပေးလျော်ခဲ့တယ်လို့ ကြားသိခဲ့ရပါတယ်။ အဲဒီအချိန်ကဆို လျှပ်စစ်မီတာခကို တစ်ယူနစ်(၅၅၀)လောက်ပေးသုံးနေရတဲ့ ရေးမြို့သူ၊ ရေးမြို့သားတွေ အတော်ကို မျှော်တလင့်လင့် ဖြစ်ခဲ့ကြပါတယ်။ ဒါပေမဲ့ National Grid ကတော့ ကျွန်တော်တို့မြို့အတွက် တုံးခုပြီး လှမ်းလို့လည်းမရ၊ တံချူနဲ့လည်း ခူးလို့မမီတဲ့ ပင်ယံထက်က ပန်းများဖြစ်နေပြီလားလို့ မနှစ်က ကျွန်တော်အဲဒီကိစ္စ လွှတ်တော်ထဲမှာ မေးပြီးကတည်းက အခုထိခံစားနေရတဲ့ အတွေးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုပေးလျော်ခဲ့ပြီးဖြစ်သော်လည်း လေယာဉ်ကွင်းဧရိယာကို အများပြည်သူထင်သာမြင်သာ ဖြစ်စေမယ့် ခိုင်မာတဲ့ သတ်မှတ်ချက်တွေ မလုပ်ခဲ့တာကြောင့် အခုဆိုရင် ပုံမှာမြင်ကြရတဲ့အတိုင်း နေရာဦး၊ ခြံတိုင်စိုက်၊ အကွက်ရိုက်ရောင်းသူတွေ၊ ဂဝံမြေတူးရောင်းသူတွေ၊ အမှိုက်ပစ်သူတွေကြောင့် ကွင်းဟာ တစ်နေ့တခြား ပုံပျက်လာနေပါတယ်။ အခုဒီထက်ပိုဆိုးတာက ဘာမြေပေးမိန့်မှမရှိဘဲနဲ့ ခပ်တည်တည်နဲ့ အလံစိုက်မြေကြီးတူးရောင်း၊ အိမ်ကွက်တွေဖော်ပြီး ရောင်းဖို့ကြံနေတဲ့ အဖွဲ့အစည်းတွေကပါ ဝင်လာကြပြီ ဖြစ်ပါတယ်။ ဘယ်သူ့အားကိုးနဲ့ လုပ်နေကြတယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး။ သူတစ်လူ ငါတစ်မင်းနဲ့ ဒီလေယာဉ်ကွင်းဟောင်းကြီးကို အမဲဖျက်သလို ဖျက်နေကြတာကို ရေးမြို့သူ၊ မြို့သားတွေက ဘယ်သူ့ကို ဘာပြောရမှန်း မသိဘဲနဲ့ ဒီအတိုင်း ငုတ်တုတ်ထိုင် ငေးကြည့်နေရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တွေဟာ ခေတ်အဆက်ဆက် ဒီလိုပဲ မြေလပ်တွေ၊ စားကျက်မြေတွေ၊ အစိုးရပိုင်အဆောက်အဦတွေ၊ ပိုင်ရှင်ရှိတဲ့ လယ်မြေ၊ ခြံမြေ၊ သစ်တောမြေတွေဟာ ကိုယ့်မျက်စိရှေ့မှာပဲ မိုးကျရွှေကိုယ် ပိုင်ရှင်သစ်တွေလက်ထဲ သက်ဆင်းခံရတာ မျိုးဆက်နှစ်ဆက်စာ ကျော်လွန်လာခဲ့ပါပြီ။ ဒါတွေကို ကြိတ်မှိတ်ခံစားခဲ့ကြရပြီး အပြောင်းအလဲကို အမျှော်ကြီးမျှော်ခဲ့ကြတဲ့ ပြည်သူများကလည်း သူတို့ အင်တိုက်အားတိုက် မဲပေးရွေးချယ်ခဲ့ကြတဲ့ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကျွန်တော်တို့ရဲ့ အစိုးရသစ်လုပ်ဆောင်ချက်တွေကို မျက်စိဒေါက်ထောက်ကြည့်နေကြပါတယ်။ အခုဖြစ်ပုံက နိုင်ငံတော်အနေနဲ့ မြွေပါလည်းဆုံး၊ သားလည်းဆုံးပြီး လျော်ကြေးနှင့် အခွင့်အရေး ရထားသူတွေက သားရွှေအိုးထမ်းကိန်း ဖြစ်နေပါတယ်။ လျော်ကြေးလည်းရ၊ ခြံလည်းမဖယ်ရတဲ့အပြင် အိမ်ရှေ့က မြေလွတ်ကိုပါ ရောင်းလို့ရတဲ့ စူပါကံထူးရှင်တွေ ဖြစ်နေကြပါတယ်။ ဒါတွေကို အမြန်မတားဆီးဘဲ ကိုယ်လိုအပ်မှ ဖယ်ခိုင်းမယ်ဆိုရင် အရင်ခေတ်ကလို ပြဿနာကို လက်ယပ်ခေါ်နေသလို ဖြစ်နေမှာပါ။

ဒါကြောင့် ဒီလိုမျိုး အဟောင်းတွေ ရှင်းလို့မကုန်ခင် အသစ်အသစ်တွေ ဖြစ်ပေါ်မလာဖို့အတွက် ပြတ်ပြတ်သားသားနဲ့ ထိရောက်လျင်မြန်စွာ ဆောင်ရွက်သင့်တဲ့အတွက် အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

လေယာဉ်ကွင်းဟောင်း နှင့် ရေးမြို့တည်နေရာ အနေအထားပြပုံ (တ)




၂၀၀၆ ခုနှစ် အဘော်လေယာဉ်ကွင်းဟောင်းပုံ (တ-၁)




၂၀၀၆ ခုနှစ် နှင့် ၂၀၁၅ ခုနှစ် နှိုင်းယှဉ်ချက်ပြထားသော မြေပုံ (တ-၂)



**ချင်းပြည်နယ်ရှိ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့တွင် မဟာဓာတ်အားလိုင်း ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင် က ချင်းပြည်နယ်ရှိ တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့တွင် မဟာဓာတ်အားလိုင်း ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် ဖြစ်ပါတယ်။ တီးတိန်မြို့နယ်နဲ့ တွန်းဇံမြို့နယ်တို့တွင် မဟာဓာတ်အားလိုင်း ရရှိရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးထားမှု အခြေအနေကို သိရှိလိုတဲ့အတွက် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းမြို့မှ တီးတိန်မြို့နယ်၊ သိုင်းငင်းလမ်းခွဲအထိ မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ မတ်လကုန်မှာ ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိပါတယ်။ သိုင်းငင်းလမ်းခွဲမှ (၁၆)မိုင်ဝေးတဲ့ တီးတိန်မြို့အထိ လိုင်းဆွဲရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း(၅၀) လျာထားတောင်းခံခဲ့တာကိုလည်း ဖတ်ရှုခဲ့ရပါတယ်။ တီးတိန်မြို့နဲ့ တွန်းဇံမြို့နှစ်မြို့နယ်မှာ အိမ်ခြေပေါင်း(၂၀၀၀၀)ခန့်ရှိပြီး နှစ်တိုင်းနှစ်တိုင်း ချက်ပြုတ်ရန်အတွက် ထင်းတန်ချိန် (၂၀၀၀၀)ခန့် ထုတ်ယူသုံးစွဲခဲ့ရပါတယ်။ ထင်းရရှိရေးအတွက် လေသာတောင်တန်း သစ်တောများကို အားထားခဲ့ရတာ ဖြစ်ပါတယ်။ လျှပ်စစ်မီး စောစောရလျှင် သစ်တောပြုန်းတီးမှု စောစောကာကွယ်နိုင်လေ အကျိုးရှိမှာဖြစ်ပါတယ်။ သစ်တောပြုန်းတီးမှုကြောင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးကြုံခဲ့ရသည့်အပြင် အခုခြောက်သွေ့ရာသီပင် မရောက်သေးဘူး၊ တီးတိန်နဲ့ တွန်းဇံမြို့နယ်မှာ သောက်သုံးရေ အခက်အခဲ တွေ့ကြုံနေပြီဖြစ်ကြောင်း သတင်းရရှိခဲ့ပါတယ်။

သို့ဖြစ်၍ သိုင်းငင်းလမ်းခွဲမှ တီးတိန်အထိ၊ တီးတိန်မှ တွန်းဇံ၊ ကျီခါးမြို့အထိ မဟာဓာတ်အားလိုင်းသွယ်တန်းရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးအား ပြည်သူများကိုယ်စား မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ဖလမ်းမြို့မှ ရိဒ်ခေါဒါရ်မြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့မှ ရိဒ်ခေါဒါရ်မြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဖလမ်းမြို့မှ ချင်းပြည်နယ် ရိဒ်ခေါဒါရ်မြို့သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်အတွင်းရှိ ရိဒ်ခေါဒါရ်မြို့ဟာ အိန္ဒိယနယ်စပ်တွင်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ချင်းပြည်နယ်တွင် အဓိကကျတဲ့ နယ်စပ်ကုန်သွယ်ရေးမြို့တစ်မြို့ ဖြစ်ပါတယ်။ အဆိုပါမြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို အိန္ဒိယနိုင်ငံမှ ဝယ်ယူသုံးစွဲရပြီး ငွေကြေးကုန်ကျမှုများပြားခြင်း၊ လျှပ်စစ်ဓာတ်အား မလုံလောက်ခြင်း စတဲ့ အခက်အခဲများနှင့် ကြုံတွေ့နေရပါတယ်။ ဖလမ်းမြို့မှ ရိဒ်ခေါဒါရ်မြို့အကြားရှိ လမ်းတစ်လျှောက်သည်လည်း ချင်းပြည်နယ်အတွင်း လူဦးရေ အထူထပ်ဆုံး နေရာတစ်ခုဖြစ်ပြီး ဖလမ်းမြို့မှ ရိဒ်ခေါဒါရ်မြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးမည်ဆိုပါက မဟာဓာတ်အားလိုင်း လမ်းတစ်လျှောက်ရှိ ပြည်သူများနှင့် ရိဒ်ခေါဒါရ်မြို့နေပြည်သူများ လျှပ်စစ်ဓာတ်အားများ သုံးစွဲလာနိုင်ကြမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုလာနိုင်မည် ဖြစ်ပါတယ်။ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဖလမ်းမြို့မှ ရိဒ်ခေါဒါရ်မြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရပ်ကွက်၊ ခြံစုရပ်ရှိ ပြည်သူများအတွက် လျှပ်စစ်မီး သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်ဇော်ဦး က မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရပ်ကွက်၊ ခြံစုရပ်ရှိ ပြည်သူများအတွက် လျှပ်စစ်မီး သွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးခင်ဇော်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ညောင်ပင်ဆိပ်ရပ်ကွက်အတွင်းရှိ ခြံစုရပ်နေပြည်သူများအတွက် လျှပ်စစ်မီးသွယ်တန်းပေးမှုအား ဒေသခံပြည်သူများမှ တောင်းဆိုလာမှုအပေါ်အခြေခံ၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ပင်ဆိပ်ကျေးရွာ၊ ခြံစုရပ်သည် ယခင်က ကျိုက်မရောမြို့နယ်အပိုင်း ဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလမှစ၍ မော်လမြိုင်မြို့နယ်ပိုင် ညောင်ပင်ဆိပ်ရပ်ကွက် ဖြစ်ခဲ့ရပါတယ်။ ထို့အတွက်ကြောင့် ညောင်ပင်ဆိပ်ရပ်ကွက်အတွင်းရှိ ရွာမ၊ ကူးတို့ဆိပ်တောင်ပိုင်း၊ ကပ်ကေး၊ ဘုရားကုန်းရပ်များသည် လျှပ်စစ်မီး သွယ်တန်းခွင့်ရရှိခဲ့ပြီးသော ရပ်ကွက်များဖြစ်ခဲ့ကြပါတယ်။ ထိုရပ်ကွက်များ မီးလင်းခဲ့သည်မှာ (၁၉)နှစ်ကျော် ကြာမြင့်ခဲ့ပြီး ညောင်ပင်ဆိပ်ရပ်ကွက်အတွင်း၌ ခြံစုရပ်တစ်ခုသည်သာ လျှပ်စစ်မီးသွယ်တန်းရန် ကျန်ရှိနေခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခြံစုရပ်သည် မဟာဓာတ်အားလိုင်းမှ ပေ(၁၀၀)ကျော်သာ ကွာဝေးသောရပ်ကွက်ဖြစ်ပြီး ရပ်ကွက်သူ၊ ရပ်ကွက်သားများမှာ မွေးမြူရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းများကို လုပ်ကိုင်ကြသော ပြည်သူများဖြစ်ကြပြီး လျှပ်စစ်မီးသွယ်တန်းခွင့် မရရှိခြင်းမှာ ခွဲခြားဆက်ဆံ၍ ခံနေရသည်ဟု တင်ပြလာပါသည်။ ထိုကြောင့် ခြံစုရပ်အတွက် ဝန်ကြီးဌာနအနေဖြင့် မည်သည့်အချိန်တွင် လျှပ်စစ်မီးသွယ်တန်းပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဒိုမားကျေးရွာ၊ ထုံမံကျေးရွာ၊ ဆက်သွယ်ရေးကျေးရွာနှင့် ကွမ်ကဗွီးကျေးရွာများ မီးလင်းနိုင်ရေးအတွက် နိုင်ငံတော်မှ မော်လမြိုင်-မုဒုံ- သံဖြူဇရပ် (၃၃)ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် (၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင် က မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဒိုမားကျေးရွာ၊ ထုံမံကျေးရွာ၊ ဆက်သွယ်ရေးကျေးရွာနှင့် ကွမ်ကဗွီးကျေးရွာများ မီးလင်းနိုင်ရေးအတွက် နိုင်ငံတော်မှ မော်လမြိုင်-မုဒုံ-သံဖြူဇရပ် (၃၃)ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် (၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။**　　။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူ အပေါင်းအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဒိုမား ကျေးရွာ၊ ထုံမံကျေးရွာ၊ ဆက်သွယ်ရေးကျေးရွာနှင့် ကွမ်ကဗွီးကျေးရွာများက မော်လမြိုင်-မုဒုံ-သံဖြူဇရပ် သွား ကားလမ်းဘေးမှာရှိတဲ့ ကျေးရွာချင်းဆက်တဲ့ရွာတွေဖြစ်ပါတယ်။ ဒီရွာတွေဟာ အစီအရီ ရှိနေကြပြီး တော့ ဥယျာဉ်ခြံမြေ၊ လယ်ယာမြေ အဓိကထားလုပ်ကိုင်စားသောက်တဲ့ ဆင်းရဲချို့တဲ့တဲ့ ရွာတွေဖြစ်ပါ တယ်။ ဒီရွာတွေဟာ ကျေးရွာမီးလင်းနိုင်ရေးအတွက် ကိုယ်ထူကိုယ်ထ ထူထောင်နိုင်စွမ်းတောင် မရှိတဲ့ အတွက်ကြောင့် နိုင်ငံတော်ကနေ မော်လမြိုင်-မုဒုံ-သံဖြူဇရပ် (၃၃)ကေဗွီလိုင်းကတစ်ဆင့် (၃၃/၁၁) ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးနိုင်မှု ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း ရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရွာတွေဟာ မုဒုံနဲ့ သံဖြူဇရပ် အကြားမှာရှိပြီးတော့ မော်လမြိုင်-သံဖြူ ဇရပ်ကားလမ်းမကြီးရဲ့ အနောက်ဘက်မှာ အစီအရီ တည်ရှိနေကြတဲ့ ရွာတွေဖြစ်ပါတယ်။ ရွာချင်းလည်း ဆက်ပြီးတော့ ဒီ ဆက်သွယ်ရေးကျေးရွာအတွင်းရှိ ရွာဟောင်းက ကားလမ်းမကနေ ရွာအတွင်းအထိကို (၃)မိုင်ကွာပါတယ်။ ဒိုမားကျေးရွာနဲ့ ထုံမံကျေးရွာတို့ဟာ (၁)မိုင်စီကွာပြီးတော့ ထုံမံနဲ့ ကွမ်ကဗွီးရွာတို့ဟာ (၁)မိုင်အကွာမှာရှိပါတယ်။ ဆက်သွယ်ရေးကျေးရွာက အိမ်ခြေ (၃၇၅)လုံး၊ လူဦးရေ(၂၃၂၂)ဦး ရှိပါတယ်။ ဒိုမားကျေးရွာက အိမ်ခြေ(၁၈၀)လုံးနဲ့ လူဦးရေ (၂၂၀၇)ဦး ရှိပါတယ်။ ကွမ်ကဗွီးကျေးရွာက အိမ်ခြေ (၂၁၀)ရှိပြီးတော့ လူဦးရေ(၁၅၀၃)ဦး ရှိပါတယ်။ အဲဒီတော့ မုဒုံကနေ သံဖြူဇရပ်အထိကိုရှိတဲ့ မြို့နယ်၊ ရွာတွေတော်တော်များများက မီးမေးနေကြပါတယ်။

အဲဒီတော့ ကျွန်တော် ခုတင်ပြခဲ့တဲ့ ရွာကြီး(၄)ရွာဖြစ်တဲ့ ဆက်သွယ်၊ ဒိုမား၊ ကွမ်ကဗွီး ဒီရွာ တွေဟာ မီးနဲ့အလှမ်းဝေးပြီးတော့ ရွာနဲ့ ကားလမ်းမနဲ့ ဝေးတဲ့အတွက်ကြောင့်တစ်ကြောင်း၊ ဆင်းရဲချို့တဲ့တဲ့ ရွာဖြစ်သောကြောင့် ကိုယ်ထူကိုယ်ထတောင်မှ လုပ်မပေးနိုင်တဲ့၊ အရည်အချင်းမရှိတဲ့ ရွာတွေဖြစ်တဲ့ အတွက်ကြောင့် နိုင်ငံတော်က မုဒုံနှင့် သံဖြူဇရပ်နဲ့ မော်လမြိုင်ကြားမှာ သွယ်တန်းထားတဲ့ ဒီ (၃၃)ကေဗွီ လိုင်းကတစ်ဆင့် ဓာတ်အားခွဲရုံတစ်ရုံဖြစ်တဲ့ (၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးနိုင်ဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးအထူးတင်ပါတယ်။ (သြဘာသံများ)

**ကျောက်တော်မြို့နယ်မှ အပေါက်ဝကျေးရွာအထိ (၁၁) ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းပြီး အပေါက်ဝ ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။**　　။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ကျောက်တော်မြို့နယ်မှ အပေါက်ဝကျေးရွာအထိ (၁၁) ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းပြီး အပေါက်ဝကျေးရွာ လျှပ်စစ်မီးရရှိ

ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြီးခဲ့တဲ့အပတ်တွေက တင်ပြဆွေးနွေးခဲ့သလို ကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူတွေနဲ့တွေ့ဆုံတိုင်း ကျွန်တော်တို့ကိုတင်ပြတဲ့ အချက်တစ်ခုက လျှပ်စစ်မီး တစ်ခုလည်းပါ ပါတယ်။ ဒီ လျှပ်စစ်မီးနဲ့ပတ်သက်တဲ့ကိစ္စတစ်ခုကို ကျွန်တော် ကြယ်ပွင့်ပြမေးခွန်း အနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို မဟာဓာတ်အားလိုင်းက ၂၀၁၄ ခုနှစ်မှာ စတင်ဝင်ရောက်ခဲ့ပြီး လျှပ်စစ်မီး ရရှိခဲ့ပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်လည်း အပါအဝင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်မှာ (၆၆) ကေဗွီ ဓာတ်အားခွဲရုံကို တည်ဆောက်ပြီး မြို့ပေါ် (၅)ရပ်ကွက် အပါအဝင် ကျေးရွာ(၁၄)ရွာ လျှပ်စစ်မီး ရရှိပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ကျောက်တော်မြို့နယ်မှာ ကျေးရွာပေါင်း အားလုံး(၂၈၃)ရွာ ရှိပါတယ်။ လျှပ်စစ်မီးမရရှိတဲ့ကျေးရွာ အများကြီးကျန်နေပါသေးတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ အပေါက်ဝကျေးရွာလည်း အပါအဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ အပေါက်ဝကျေးရွာဟာ ကျွန်တော်တို့ ကျောက်တော်မြို့နယ်နှင့် (၈)မိုင်ခန့်ဝေးပါတယ်။ ရန်ကုန်-စစ်တွေ ကားလမ်းပေါ်မှာတည်ရှိတဲ့ ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ အိမ်ခြေအနေနဲ့ (၁၄၈၈)အိမ်ရှိပြီး၊ လူဦးရေ(၆၉၃၂)ဦး နေထိုင်တဲ့ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ အ.ထ.ကကျောင်း၊ တိုက်နယ်ဆေးရုံ၊ ဈေး၊ ရဲစခန်း တို့အပါအဝင်ရှိတဲ့ ကျေးရွာကြီး ဖြစ်ပါတယ်။ အထက်တန်းကျောင်းမှာ ကျောင်းသားဦးရေက(၁၈၁၃)ဦးပညာသင်ကြားနေပြီး ကျောင်းသူ၊ ကျောင်းသားများအားလုံး စာဖတ်နိုင်ရန်အတွက် လျှပ်စစ်မီးလိုအပ်ချက်မှာ အဓိကအချက်တစ်ခု အပါအဝင် ဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိမှသာ ကျွန်တော်တို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခု ကျွန်တော် ဆွေးနွေးတင်ပြတဲ့ဟာ (၁၁)ကေဗွီ လျှပ်စစ်လိုင်းအတွက်ပါ။ အပေါက်ဝကျေးရွာတွင် ကျွန်တော်တို့ (၃၃)ကေဗွီ လျှပ်စစ်လိုင်း လုပ်ပေးနိုင်လို့ရှိရင် ပိုမိုပြီးပြည့်စုံမှာ ဖြစ်ပါတယ်။ အဲဒီကျေးရွာကတစ်ဆင့် ကျွန်တော်တို့ အနီးအနားမှာရှိတဲ့ ကျေးရွာပေါင်း(၂၄)ရွာကို ကျွန်တော်တို့ (၁၁)ကေဗွီလိုင်း သွယ်တန်းပေးနိုင်မည်ဆိုပါက ပိုမိုပြီး ပြည့်စုံနိုင်တဲ့ ကျွန်တော်တို့မျှော်မှန်းထားတဲ့ NEP စီမံကိန်းဖြစ်တဲ့ ၂၀၃၀ မှာ ကျေးရွာတိုင်း မီးလင်းနိုင်ရေး အစီအစဉ်ကိုလည်း ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အပေါက်ဝကျေးရွာဟာ အချက်အချာကျတဲ့ ကျေးရွာတစ်ရွာလည်းဖြစ်ပါတယ်။ အပေါက်ဝကျေးရွာကို ကျွန်တော်တို့ (၁၁)ကေဗွီလိုင်း သွယ်တန်းမည်ဆိုပါကလည်း ကျွန်တော်တို့ ကျောက်တော်မြို့ (၆၆)ကေဗွီ လျှပ်စစ်လိုင်းကနေပြီး

ကွမ်းရုံချောင်းကျေးရွာထိ (၄)မိုင်ကို သွယ်တန်းပြီးဖြစ်ပါတယ်။ ကျန်တဲ့(၄)မိုင်ကိုသာ အပေါက်ဝကျေးရွာ အရောက် သွယ်တန်းရမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်း လိုတဲ့မေးခွန်းကတော့ ကျောက်တော်မြို့နယ်မှ အပေါက်ဝကျေးရွာအထိ (၁၁)ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းပြီး အပေါက်ဝကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးကိုယ်စား မေးခွန်းများကို ဖြေကြားသွားမယ့် ဒုတိယဝန်ကြီး၊ ဒေါက်တာထွန်းနိုင် ဖြစ်ပါတယ်။

ပထမဦးစွာ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ၏ မွန်ပြည်နယ်၊ ရေးမြို့အနီးတည်ရှိသော ဗြိတိသျှစစ်သုံး အဘော်လေယာဉ်ကွင်းဟောင်း ဧရိယာတွင် ဓာတ်အားခွဲရုံဆောက်လုပ်ရန်အတွက် ယခင်အစိုးရလက်ထက်က ရော်ဘာခြံရှင်များအား လျော်ကြေးငွေကျပ်(၇၈၉)သိန်းကျော် ပေးချေပြီးခဲ့သော်လည်း ယခုလက်ရှိ မြေပြင်တွင် ယင်းမြေဧရိယာ သတ်မှတ်ချက် ပီပီပြင်ပြင်မရှိသည့်အပေါ် နိုင်ငံတော်ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှု ဖြစ်နိုင်ခြေရှိနေသဖြင့် ယင်းဓာတ်အားခွဲရုံမြေနေရာကို ဧရိယာတိုင်းတာသတ်မှတ်ခြင်းနှင့် အဘော်လေယာဉ်ကွင်းဟောင်း ဧရိယာအား မည်ကဲ့သို့ ဆက်လက်စီမံဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့် ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့တို့ဖြင့် ပေါင်းစပ်ညှိနှိုင်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသအတွင်းရှိ ပြည်သူလူထုအား နိုင်ငံတော်ဓာတ်အား စနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် (၂၃၀)ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အား လိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လျာထား စီစဉ် ဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းအတွက် ယခင်က တရုတ်နိုင်ငံ၏ EXIM Bank ချေးငွေဖြင့်ဆောင်ရွက်ရန် ကြိုးစားစီစဉ်ဆောင်ရွက်ခဲ့သော်လည်း အဆိုပါအစီအစဉ်အား ပြောင်းလဲပြီး

မော်လမြိုင်မြို့မှ ရေးအထိ(၉၅)မိုင်၊ ရေးမြို့မှ ထားဝယ်မြို့အထိ(၈၅)မိုင်နှင့် စုစုပေါင်း (၂၃၀) ကေဗွီ ဓာတ်အားလိုင်း မိုင်ပေါင်း(၁၈၀)နှင့် ဓာတ်အားခွဲရုံများအတွက် အတိုးနှုန်း ပိုမိုသက်သာသည့် ADB ဘဏ်၏ချေးငွေ အမေရိကန်ဒေါ်လာသန်း(၅၀၀)အောက်မှထည့်သွင်းကာ အဆိုပြုလွှာ ပေးပို့ခွင့်ပြုပါ ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးထံ တင်ပြကာ သဘောတူညီချက် ရရှိခဲ့ပြီးဖြစ်သည့် အတွက် အဆိုပြုလွှာအား ADB ဘဏ်သို့ ပေးပို့ထားဆဲအဆင့် ဖြစ်ပါတယ်။

(၂၃၀)ကေဗွီ မော်လမြိုင်-ရေး-ထားဝယ် ဓာတ်အားလိုင်း တည်ဆောက်ရန်အတွက် လိုအပ် သော ဓာတ်အားခွဲရုံမြေနေရာအား ကြိုတင်ရှာဖွေခဲ့ကြတာ ဖြစ်ပါတယ်။ သို့ပါ၍ ယခင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့မှ လျှပ်စစ်နှင့် စက်မှုဝန်ကြီးတို့ ကွင်းဆင်းပြီး အဘော်လေယာဉ်ကွင်းဟောင်းဧရိယာ (၁၃၃.၉၀)ဧကအနက်မှ (၆၃.၃၅)ဧကအား ဓာတ်အားခွဲရုံ တည်ဆောက်ရန် ရွေးချယ်သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အဆိုပါ ကွင်းဟောင်းမြေဧရိယာဟာ ယခင်က ရေးမြို့ထဲတွင်တည်ရှိပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားရှိသည့် လေယာဉ်ကွင်းစာရင်းတွင် မပါရှိဘဲ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲခြင်း မရှိ သော လေယာဉ်ကွင်းဟောင်း ဖြစ်နေပါတယ်။ နစ်နာကြေးနှင့် လျော်ကြေးကိစ္စများအား ၂၁-၅-၂၀၁၃ ရက်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ထိုလေယာဉ်ကွင်းဟောင်းဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

လေယာဉ်ကွင်းဟောင်းဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်သူ တောင်သူ(၁၂)ဦးအား လျော်ကြေး၊ နစ်နာကြေးငွေကျပ်(၇၈.၉၀)သန်းအား ရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၌ ၄-၇-၂၀၁၄ ရက်နေ့က ပေးအပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ (၂၃၀)ကေဗွီ ရေးဓာတ်အားခွဲရုံ မြေနေရာသည် လေယာဉ်ကွင်း ဟောင်းမြေနေရာ ဧရိယာအတွင်းပါဝင်သော မြေတစ်စိတ်တစ်ပိုင်းဖြစ်ပြီး လေယာဉ်ကွင်းဟောင်းမြေ နေရာမှ ထုတ်နုတ်အသုံးပြုခွင့် ရရှိရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း ရေးမြို့နယ်၊ အဘော်ကျေးရွာအုပ်စု လေယာဉ်ကွင်းဟောင်း မြေဧရိယာ (၁၃၃.၉၀)ဧကအနက်မှ ဧရိယာ(၆၃.၃၅)ဧကအား (၂၃၀)ကေဗွီ ရေးဓာတ်အားခွဲရုံ တည်ဆောက်ရန် အမည်ပေါက်လျှာထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်း ကြေညာဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် မွန်ပြည်နယ်အတွင်း ဓာတ်အားပေးနိုင် သည့်နယ်နိမိတ် တိုးတက်လာရေးအတွက် ရေးမြို့နယ်တွင် (၂၃၀)ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက် နိုင်ရန် ကြိုတင်မြေနေရာရှာဖွေခြင်း၊ သီးနှံနှင့် မြေယာလျော်ကြေး၊ နစ်နာကြေးများ ပေးအပ်ခြင်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါ မြေနေရာ ကွက်လပ်အား မိမိတို့ ဓာတ်အားခွဲရုံ တည်ဆောက်ရန်အတွက် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက် နိုင်ရန် ဘတ်ဂျက်ရရှိထားခြင်း မရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ခြံစည်းရိုးကာရံခြင်းကို ဆောင်ရွက် ထားနိုင်ခြင်း မရှိခဲ့တာဖြစ်ပါတယ်။ အဆိုပါမြေနေရာအား မြေအမည်ပေါက်ရရှိရေး ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ဓာတ်အားခွဲရုံနယ်နိမိတ် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းအား ဆောင်ရွက်နိုင်ရန်အတွက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက် တင်ပြတောင်းခံထားပြီး ရရှိပါက ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။

ကျန်ရှိသော လေယာဉ်ကွင်းမြေဧရိယာများနှင့် စီမံခန့်ခွဲမှုများကိုတော့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများနှင့် မြေစာရင်းဦးစီးဌာနများမှ ဖြေကြားနိုင်မှသာ သိရှိနိုင်မှာဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။

မေးခွန်းအမှတ်(၂) ဖြစ်ပါသော ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျင့်ခန့်ပေါင် မေးမြန်းသည့် ချင်းပြည်နယ်အတွင်းရှိ တီးတိန်မြို့နယ်နှင့် တွန်းဇံ မြို့နယ်တို့တွင် မဟာဓာတ်အားလိုင်း ရရှိရေးတို့အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလို ခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြေပုံနှင့်တကွ ရှင်းလင်းတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ချင်းပြည်နယ်၊ ဖလမ်းမြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ ဖလမ်း၊ ဟားခါး-ဖလမ်း နှစ်ထပ်ဓာတ်အားလိုင်း တည်ဆောက်ခဲ့တဲ့အတွက်ကြောင့် မြေပုံမှာ တြိဂံ အစိမ်းရောင် ပုံဖြင့် ဟားခါး-ဖလမ်း ဓာတ်အားခွဲရုံကို ၁၀-၆-၂၀၁၆ ရက်နေ့မှာ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူး ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အဆိုပါ ဖလမ်းမြို့မှ တီးတိန်အထိ (၆၆) ကေဗွီ ဓာတ်အားလိုင်း တည်ဆောက် နိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် ဖလမ်းမှ သိုင်းငင်လမ်းခွဲအထိသို့ ဓာတ်အားလိုင်းကို တည်ဆောက်ရန် ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဆိုပါ ဓာတ်အားလိုင်းအပိုင်းဟာ (၃၅)မိုင်ရှိတာဖြစ်ပါတယ်။ အဆိုပါဓာတ်အားလိုင်း (၃၅)မိုင်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း လက်ရှိ ဆောင်ရွက်နေဆဲအဆင့်ဖြစ်ကာ ဘဏ္ဍာငွေ ရရှိမှုအခြေအနေအရ ၇-၃-၂၀၁၇ ရက်နေ့အထိ (၂၈)ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါတယ်။

အဆိုပါသိုင်းငင်လမ်းခွဲမှ တီးတိန်မြို့သို့ (၆၆)ကေဗွီလိုင်း မိုင်အရှည်(၂၀)မိုင်နှင့် တီးတိန်မြို့ တွင် (၆၆/၁၁)ကေဗွီ၊ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် ဘတ်ဂျက် ရန်ပုံငွေ ကျပ်သန်းပေါင်း(၃၉၈၁)လိုအပ်နေတာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းရဲ့ ဓာတ်အားလိုင်းအူကြောင်း ရှာဖွေပြီး ကြိုတင်တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း(၅၀)အား ထည့်သွင်းတောင်းခံထားပြီး ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးကလည်း အတည်ပြုထားပြီး ပြည်ထောင်စုလွှတ်တော်တွင် တင်ပြထားတဲ့စာရင်းထဲတွင် ပါရှိနေတာဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းများအတွက် ထပ်မံလိုအပ်မယ့်ဘဏ္ဍာငွေများကို နောင်လာမည့် ဘဏ္ဍာရေး နှစ်များတွင် ရန်ပုံငွေ ဆက်လက်တင်ပြတောင်းခံကာ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ တီးတိန်မြို့သို့ ဓာတ်အားရောက်ရှိပြီးမှသာ တီးတိန်မှ တွန်းဇံသို့ မြေပုံတွင်တင်ပြထားသော ဓာတ်အားလိုင်းအူကြောင်းအတိုင်း (၆၆) ကေဗွီ ဖလမ်း-သိုင်းငင်- တီးတိန်လမ်းပြီးမှသာ ကျွန်တော်တို့ ဆက်လက်တည်ဆောက်နိုင်မယ့်အနေအထား ရှိပါတယ်။

ဆက်လက်တည်ဆောက်ရာမှာ တီးတိန်မြို့မှာ (၆၆/၃၃) ကေဗွီ (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံဆက်လက်တည်ဆောက်ရပြီး အဆိုပါလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျစရိတ်ကျပ် (၂၃၀၃.၈၈၃)

သန်း လိုအပ်မှာဖြစ်ပြီး တီးတိန်-တွန်းဇံ (၃၃) ကေဗွီ ဓာတ်အားလိုင်း(၂၉)မိုင်နှင့် တွန်းဇံမြို့တွင် (၃၃/၁၁) ကေဗွီ (၅) အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေဟာ ကျပ်(၂၁၀၂.၄၃၄)သန်း ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ကာ ပြည်ထောင်စုရန်ပုံငွေတွင် ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထား တောင်းခံသွားမှာဖြစ်ပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ကျီးခါးမြို့သည် မြေပုံတွင် တင်ပြထားသည့်အတိုင်း တွန်းဇံမြို့မှ (၈၃)မိုင်ကွာဝေးပါသဖြင့် လတ်တလော မဟာဓာတ်အားလိုင်းမှ ဓာတ်အားချိတ်ဆက် ဖြန့်ဖြူးပေးနိုင်ခြင်းမရှိသည့် မြို့တစ်မြို့ ဖြစ်ပါတယ်။ အဆိုပါ တွန်းဇံမြို့အထိ မိုင်(၈၃)မိုင်အား မဟာဓာတ်အားလိုင်း ဆက်တည်ဆောက်ရာမှာလည်း အခက်အခဲရှိပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်အစိုးရအဖွဲ့က ၎င်းတို့၏ ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ကာလေချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။

မေးခွန်းအမှတ်(၃) ဖြစ်ပါသော ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မေးမြန်းသည့် ချင်းပြည်နယ်၊ ဖလမ်းမြို့မှ ရိဒ်ခေါဒါရ်မြို့သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြေပုံနှင့်တကွ တင်ပြခွင့်ပြုပါခင်ဗျား။

ချင်းပြည်နယ်၊ ဖလမ်းမြို့မှ ရိဒ်ခေါဒါရ်အထိ မဟာဓာတ်အားလိုင်း သွယ်တန်းပြီး သွယ်တန်းရန်အတွက် တည်ဆောက်ရန်မှာ ဖလမ်းမှ ကနဦး ဖြေကြားသွားသော သိုင်းငင်၊ သိုင်းငင်မှ တီးတိန်အထိ မဟာဓာတ်အားလိုင်း တည်ဆောက်မည့်အစီအစဉ်အား မေးခွန်းအမှတ် (၂)မှာ ဖြေကြားထားပြီး တီးတိန်သို့ မဟာဓာတ်အားလိုင်း ရောက်ရှိသည့်အခါမှ တီးတိန်မှ ရိဒ်ခေါဒါရ်သို့ ဓာတ်အားလိုင်း (၃၂)မိုင် ဆက်လက်တည်ဆောက်ရမှာ ဖြစ်ပါတယ်။ နောင်တွင် ရိဒ်ခေါဒါရ်မြို့မှ အသုံးပြုလာမည့် ဓာတ်အားပမာဏနှင့် တည်ဆောက်ရမည့် ဓာတ်အားလိုင်းအရှည်တို့အရ အခြေခံပြီး တွက်ချက်ကာ နည်းပညာပိုင်းအရ သင့်တော်သည့် ဗို့အားစနစ်ကို ရွေးချယ်တဲ့အခါမှာ (၃၃)ကေဗွီဖြင့် တည်ဆောက်ဖို့ သင့်တော်ကြောင်း တွေ့ရှိရတာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ဖလမ်းမြို့သို့ ဓာတ်အားဖြန့်ဖြူးရန် (၆၆)ကေဗွီ ဟားခါး-ဖလမ်း နှစ်ထပ်ဓာတ်အားလိုင်းကို တည်ဆောက်ပြီး ၎င်းမှတစ်ဆင့် တီးတိန်မြို့သို့ (၆၆) ကေဗွီ ဖလမ်း-သိုင်းငင်-တီးတိန် ဓာတ်အားလိုင်း တည်ဆောက်ရန်လည်း အဆင့်ဆင့် ဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။

သို့ပါ၍ သိုင်းငင်မှ တီးတိန်သို့ ဓာတ်အားလိုင်း မိုင်(၂၀)နှင့် (၆၆) ကေဗွီ၊ (၅) အမ်ဗွီအေ တီးတိန်ဓာတ်အားခွဲရုံတို့အား တည်ဆောက်ရန် ကြိုတင်တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း(၅၀) လျာထားပြီးဖြစ်ကြောင်းလည်း ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါတယ်။ အဆိုပါတိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် တည်ဆောက်ရေးလုပ်ငန်းများကိုလည်း တီးတိန်၊ သိုင်းငင်မှ တီးတိန်နှင့် တီးတိန်ဓာတ်အားခွဲရုံများ တည်ဆောက်ရန်လည်း

ဘဏ္ဍာငွေ ဆက်လက်တင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။ ရိဒ်ခေါဒါရ်မြို့မှ လက်ရှိမီးသုံးသူများအား ၅၀၀ ကေဗွီ ဒီဇယ်မီးစက်(၁)လုံးဖြင့် မီးပေးချိန်တစ်ရက်လျှင် (၄)နာရီနှုန်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ရိဒ်ခေါဒါရ်အထိ ဓာတ်အားလိုင်းသွယ်တန်းရန်မှာ တီးတိန်မြို့အထိ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်နောက်မှသာ ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပြီး တီးတိန်တွင် (၆၆/၃၃)ကေဗွီ၊ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ရန်လိုအပ်သော ဘတ်ဂျက်ရန်ပုံငွေ (၂၃၀၃.၈၈၃) သန်း၊ ရိဒ်ခေါဒါရ်မြို့သို့ (၃၃)ကေဗွီ ဓာတ်အားလိုင်း(၃၂)မိုင်နှင့် (၃၃/၁၁)ကေဗွီ၊ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ရန်လိုအပ်သော နောက်ထပ်ရန်ပုံငွေ ကျပ်သန်းပေါင်း(၂၃၇၃.၅၀)သန်းအား ပြည့်စုံလုံလောက်စွာရရှိရန် လိုအပ်ပါတယ်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်ပါ လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ဘဏ္ဍာငွေများအား နှစ်အလိုက် ဆက်လက် တင်ပြတောင်းခံကာ ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းအမှတ်(၄) ဖြစ်ပါသော မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်ဇော်ဦး မေးမြန်းသည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ညောင်ပင်ဆိပ်ရပ်ကွက် ခြံစုရပ်ရှိ ပြည်သူများအတွက် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်၍ ဆက်လက် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မြေပုံအသုံးပြု၍ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ညောင်ပင်ဆိပ်ရပ်ကွက်အတွင်းရှိ ခြံစုရပ်ကွက်အား ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် မော်လမြိုင်မြို့ရှိ မော်လမြိုင်(ငန်းတေး) (၆၆/၁၁) ကေဗွီ၊ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ညောင်ပင်ဆိပ်ကျေးရွာ၊ ခရုံဂူ၊ ဘုရားကုန်း၊ ဘာဘူကုန်းကျေးရွာတို့သို့ ဓာတ်အား ဖြန့်ဖြူးထားသော (၁၁)ကေဗွီ ဇာသပြင် ဓာတ်အားလိုင်းမှ ဓာတ်အားချိတ်ဆက်ရယူရမှာ ဖြစ်ပါတယ်။ မြေပုံတွင် (၁၁)ကေဗွီ ဓာတ်အားလိုင်းအား အနီရောင်ဖြင့် လည်းကောင်း၊ (၆၆) ကေဗွီ ဓာတ်အားလိုင်း အား အစိမ်းရောင်ဖြင့်လည်းကောင်း တင်ပြထားတာ ဖြစ်ပါတယ်။ အဆိုပါမြေပုံအရ တင်ပြရရင် ခြံစု ရပ်ကွက်သည် (၆၆)ကေဗွီ ဓာတ်အားလိုင်းနဲ့ ပိုမိုနီးကပ်တာဖြစ်ပြီး (၁၁)ကေဗွီ ဓာတ်အားလိုင်းနဲ့ အနည်းငယ် အလှမ်းကွာဝေးတာ ဖြစ်ပါတယ်။ ခြံစုရပ်သို့ ဓာတ်အားဖြန့်ဖြူးပေးနိုင် ရန်အတွက် (၁၁) ကေဗွီ ဓာတ်အားလိုင်းမှ ချိတ်ဆက်ရမှာဖြစ်ပြီး (၁၁) ကေဗွီ ဓာတ်အားလိုင်း (၀.၅)မိုင်နဲ့ (၁၁/၀၄) ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၁)လုံး၊ (၄၀၀) ဗို့ဓာတ်အားလိုင်း(၁.၅)မိုင် တည်ဆောက်ရမှာ ဖြစ်ပါ တယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ (၁၁)ကေဗွီ ဓာတ်အားလိုင်း၊ (၁၁.၀၄)ကေဗွီ ထရန်စဖော်မာ များဖြင့် (၄၀၀)ဗို့ ဓာတ်အားလိုင်းအသစ်များ တည်ဆောက်ခြင်းနှင့် အဟောင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအတွက် လိုအပ်သောကုန်ကျစရိတ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ရန်ပုံငွေတောင်းခံကာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ညောင်ပင်ဆိပ်ရပ်ကွက်အတွင်းရှိ ခြံစုရပ်ရှိ အိမ်ခြေ(၈၀)အား ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းများ တည်ဆောက်ဆောင်ရွက်ပေးနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈

ဘဏ္ဍာရေးနှစ်တွင် လိုအပ်သောရန်ပုံငွေအား ထည့်သွင်းလျာထားတင်ပြထားကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ကျန်ရှိသော (၄၀၀)ဗို့ ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကျေးရွာက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

ပဉ္စမမေးခွန်းဖြစ်သည့် မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ၏ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ဒိုမားကျေးရွာ၊ ထုံမံကျေးရွာ၊ ဆက်သွယ်ရေးကျေးရွာနှင့် ကွမ်ကဗွီးကျေးရွာများ မီးလင်းနိုင်ရေးအတွက် နိုင်ငံတော်မှ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်(၃၃)ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် (၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြေပုံနှင့်တကွ ဖြေကြားခွင့်ပြုပါခင်ဗျား။

မွန်ပြည်နယ်၊ မုဒုံမြို့ရှိ ဒိုမားကျေးရွာ၊ ထုံမံကျေးရွာ၊ ဆက်သွယ်ရေးကျေးရွာ၊ ကွမ်ကဗွီးကျေးရွာ စုစုပေါင်းကျေးရွာ(၄)ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်(၃၃)ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားရရှိရန် (၃၃/၁၁)ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ခြင်းထက် ပိုမိုသင့်တော်မှန်ကန်သော လုပ်ငန်းကို တင်ပြသွားမှာဖြစ်ပါတယ်။ အဆိုပါကျေးရွာများ ဓာတ်အားရရှိနိုင်ရန် မော်လမြိုင် (၆၆/၃၃) ကေဗွီ၊ (၃၀) အမ်ဗွီအေ ဓာတ်အားခွဲရုံ၏ မော်လမြိုင်-မုဒုံ-သံဖြူဇရပ် (၃၃)ကေဗွီ ဓာတ်အားလိုင်းမှ ဓာတ်အား ဆက်သွယ်ရယူနိုင်ရန် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ကျေးရွာများ၏ တည်နေရာနှင့် ဓာတ်အားလိုင်း၏ တည်နေရာကို မြေပုံတွင်ဖော်ပြထားတာဖြစ်ပါတယ်။ ဒိုမားကျေးရွာ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန်အတွက် (၃၃)ကေဗွီ ဓာတ်အားလိုင်း (၁)မိုင်ကျော်အား မုဒုံ-သံဖြူဇရပ် ဓာတ်အားလိုင်းနှင့် ဆက်သွယ်ပေးရမှာဖြစ်ပြီး (၃၃/၀.၄) ကေဗွီ၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ (၁)လုံး တည်ဆောက်ခြင်းနှင့် (၄၀၀) ဗို့ဓာတ်အားလိုင်း(၁.၅)မိုင် တည်ဆောက်ခြင်း ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ မြေပုံပေါ်မှာ အပေါ်ဆုံး အညိုရောင်ဓာတ်အားလိုင်းဖြင့် တင်ပြထားတာဖြစ်ပါတယ်။ ထုံမံကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရန်အတွက် ၃၃ ကေဗွီ ဓာတ်အားလိုင်း (၁)မိုင်ကျော်နှင့် (၃၃/၀.၄) ကေဗွီ၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ(၂)လုံး တည်ဆောက်ခြင်းနှင့် (၄၀၀) ဗို့ ဓာတ်အားလိုင်း(၁.၅)မိုင်ခန့် တည်ဆောက်ပေးရမှာဖြစ်ပြီး၊ ဆက်သွယ်ရေးကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရန် (၃၃) ကေဗွီ ဓာတ်အားလိုင်း(၂)မိုင်ခန့်နှင့် (၃၃/၀.၄) ကေဗွီ၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ (၂)လုံး တည်ဆောက်ခြင်းနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်း (၁.၇)မိုင်ခန့် တည်ဆောက်ခြင်း၊ ကွမ်ကဗွီးကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရန် (၃၃)ကေဗွီ ဓာတ်အားလိုင်း(၁.၅)မိုင် နှင့် (၃၃/၀.၄) ကေဗွီ၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်း(၁.၅)မိုင်ခန့် တည်ဆောက်ခြင်းတို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဆိုပါကျေးရွာ(၄)ရွာ လျှပ်စစ်ဓာတ်အားရရှိရန် တင်ပြခဲ့သော တည်ဆောက်ရေးလုပ်ငန်းများအနက် (၃၃) ကေဗွီ ပင်မဓာတ်အားလိုင်း စုစုပေါင်း(၅.၅)မိုင်နှင့် (၃၃/၀.၄) ကေဗွီ၊ (၂၀၀)ကေဗွီအေ

စုစုပေါင်းထရန်စဖော်မာ(၅)လုံးအား တည်ဆောက်တပ်ဆင်ပေးနိုင်ရန် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လိုအပ်သောရန်ပုံငွေကို ထည့်သွင်းလျာထား တင်ပြတောင်းခံခဲ့ပြီး ခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကျေးရွာများအသီးသီးတွင် တည်ဆောက်ရန်ရှိသော (၄၀၀)ဗို့ဓာတ်အားလိုင်း စုစုပေါင်းကျေးရွာ(၄)ရွာအတွက် (၆.၂)မိုင် တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကျေးရွာအသီးသီးက ၎င်းတို့ရဲ့အစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်းအမှတ်(၆)ဖြစ်ပါသော ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ၏ ကျောက်တော်မြို့နယ်မှ အပေါက်ဝကျေးရွာအထိ (၁၁)ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းပြီး အပေါက်ဝကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြေပုံနှင့်တကွ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိအပေါက်ဝကျေးရွာ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန် ကျောက်တော်မြို့နယ်တွင် လက်ရှိလျှပ်စစ်ဓာတ်အား ရရှိပြီးသော အနီးဆုံးကျေးရွာမှာ ကွမ်းအုံချောင်းကျေးရွာဖြစ်ပါတယ်။ အဆိုပါ ကွမ်းအုံချောင်းကျေးရွာအုပ်စုသို့ ရောက်ရှိနေပြီးဖြစ်သည့် အနီရောင်ဖြင့်ဖော်ပြထားသော(၁၁)ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားဆက်လက်ချိတ်ဆက် ဖြန့်ဖြူးပေးသွားရမှာဖြစ်ပါတယ်။ ထိုသို့ ဓာတ်အားချိတ်ဆက် ဖြန့်ဖြူးပေးနိုင်ရန်အတွက် (၁၁)ကေဗွီ ဓာတ်အားလိုင်း(၄.၅)မိုင်၊ (၁၁/၀.၄) ကေဗွီ၊ (၁၆၀) ကေဗွီအေ ထရန်စဖော်မာ (၃)လုံးနှင့် (၄၀၀) ဗို့ ဓာတ်အားလိုင်း(၃)မိုင်တို့ကို တည်ဆောက်ရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်နိုင်တဲ့ အပေါက်ဝကျေးရွာဧရိယာသို့ လျှပ်စစ်ဓာတ်အားရရှိမည်ဖြစ်ပါကြောင်းကို မြေပုံပေါ်တွင် တင်ပြထားတာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစ၍ (၁၁) ကေဗွီဓာတ်အားလိုင်း(၁၁/၀.၄)ကေဗွီ ထရန်စဖော်မာများနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်းအသစ်များ တည်ဆောက်ခြင်းနှင့် အဟောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သောကုန်ကျစရိတ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ရန်ပုံငွေများ တင်ပြတောင်းခံ ဆောင်ရွက်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ အပေါက်ဝကျေးရွာအား လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရန် ဆောင်ရွက်ရမည့် (၁၁)ကေဗွီ ဓာတ်အားလိုင်း(၄.၅)မိုင်၊ (၁၁/၀.၀၄) ကေဗွီ၊ (၁၆၀) ကေဗွီအေ ထရန်စဖော်မာ(၃)လုံးနှင့် (၄၀၀) ဗို့ဓာတ်အားလိုင်း(၃)မိုင် စသည့်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော ဘတ်ဂျက်ရန်ပုံငွေကျပ် သန်းပေါင်း(၃၆၄.၅)သန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ ရန်ပုံငွေတွင် ထည့်သွင်းလျာထား တောင်းခံထားပြီး ဘတ်ဂျက်ခွင့်ပြုငွေ ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးက တစ်ဆက်တည်းဆွေးနွေးသွားသော (၃၃)ကေဗွီစနစ် ဓာတ်အားလိုင်း တည်ဆောက်ကာ အနီး

အနားရှိ ကျန်ကျေးရွာများပါ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ အား တစ်ပေါင်းတည်း မေးမြန်းသွားတဲ့မေးခွန်းကို ကြားနာရပါတယ်။ သို့ပါ၍ ကျန်ရှိနေသော ကျေးရွာများနှင့်သက်ဆိုင်တဲ့ အချက်အလက်များကို မိမိတို့ဝန်ကြီးဌာနက အချက်အလက်များ စတင်စုဆောင်းသွားမှာ ဖြစ်ပါတယ်။ ပြီးလျှင် လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ကာ စနစ်တကျ နည်းပညာ (Technical) အရ စနစ်တကျ ဆောင်ရွက်သင့်သည့် နည်းလမ်းများကို စူးစမ်းလေ့လာ ပေးသွားမှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒေါ်နန်းနီနီအေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် နန်းနီနီအေး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁)၁/၂၀၁၇-၀၇၁

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်

၁။ ပြည်သူ့လွှတ်တော်က ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်မှာ ဆွေးနွေးနိုင်ဖို့ ၃-၂-၂၀၁၇ ရက်နေ့မှာ ပေးပို့လာပါတယ်။ ဒီ ဥပဒေကြမ်းနှင့် စပ်လျဥ်းပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၁၆-၂-၂၀၁၇ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းအပိုဒ် ၅၊ အပိုဒ်ခွဲ(ခ)၏အောက်မှာ ကော်မတီအနေနှင့် လုပ်ငန်းများဆောင်ရွက်ရာမှာ ပိုမိုပြည့်စုံမှုရှိစေဖို့ အတွက် အပိုဒ်ခွဲ(ဂ)အဖြစ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်မှုရှိစေရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဟု အသစ်ဖြည့်စွက်ပြီးလည်းကောင်း၊ အပိုဒ် ၄၁ တွင် ဖော်ပြထားတဲ့ စကားရပ်များအစား ပိုမိုတိကျမှု ရှိစေဖို့အတွက် ဝန်ကြီးဌာနသည် ရေနံနှင့် ရေနံထွက်ပစ္စည်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အနည်းဆုံးရှိရမည့် ဓရိယာအကျယ်အဝန်းနှင့် အကွာအဝေးကို သတ်မှတ်ပေးရမည်။ မည်သူမဆို ယင်းသတ်မှတ်ပေးထားသည့် နယ်နိမိတ်အတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်ဟုလည်းကောင်း အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းအပေါ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးပြီးဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်း ဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၃-၃-၂၀၁၇ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်း ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးလားလ်မင်းထန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော် တစ်ရပ်လုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါ တယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## တရားခံလွှဲပြောင်းရေးဥပဒေကြမ်းအပေါ်
## စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁) ၁/၂၀၁၇-၁၀၄

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်

၁။ ပြည်သူ့လွှတ်တော်က တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုပြီး ၂၃-၂-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင် များနှင့် ၁-၃-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တရားခံလွှဲပြောင်းရေးဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၂၃၊ အပိုဒ်ခွဲ(ခ) ကို အဓိပ္ပာယ်ပိုမို ပြည့်စုံမှုရှိစေရန်အတွက် တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်သမ္မတ က အတည် ပြုလျှင် တရားခံလွှဲပြောင်းလက်ခံရေးနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းဆိုသည့် နိုင်ငံသို့ အကြောင်းကြားစာ ပေးပို့ရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(င) ကို ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်အတွက် **တောင်းဆိုသည့် နိုင်ငံက ပုဒ်မခွဲ(ခ)အရ အကြောင်း ကြားစာပေးပို့သည့် နေ့ရက်မှ ရက်ပေါင်း(၃၀)အတွင်း တရားခံလွှဲပြောင်းခြင်းကို လက်ခံနိုင်ခြင်းမရှိကြောင်း ခိုင်လုံသောအကြောင်းပြချက်ဖြင့်** အကြောင်းကြားသည်မှ တစ်ပါး တောင်းဆိုခြင်းခံရသူကို ရက်ပေါင်း(၃၀)အတွင်း လွှဲပြောင်းလက်ခံခြင်း မရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း၏ နောက်တွဲဇယား(က)တွင် ဖော်ပြထားသော နိုင်ငံရေး သဘောသဘာဝရှိသော ပြစ်မှုများ ဟု မမှတ်ယူရမည့် ပြစ်မှုများစာရင်းတွင် ပြစ်မှုပုဒ်မ ၃၇၆၊ မုဒိမ်းမှု ဆိုသည့် စကားရပ်ကို အမှတ်စဉ်(၄) အဖြစ် အသစ်ထပ်မံဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ဂ) ကျန် အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များနှင့် အတူ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင် ပါရန် အစီရင်ခံတင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည် စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၃-၃-၂၀၁၇ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။　　　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။　　　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၀း၅၉ နာရီအချိန်တွင် ရပ်နားပါသည်။]